## ဗန်ကောက်မြို့ မြန်မာသံရုံး ကောင်စစ်ရေးရာဌာန၊ နိုင်ငံသားဌာန၏ လုပ်ငန်းတာဝန်များ

### ထောက်ခံစာထုတ်ပေးခြင်း

မည်သည့်ထောက်ခံစာမျိုးမဆို ကောင်စစ်အရာရှိမှ လက်မှတ်ရေးထိုး၍ အချိန်နှင့်တစ်ပြေးညီ နေ့ချင်းပြီးထုတ်ပေးပါသည်။

### (၁)နေရပ်လိပ်စာမှန်ကန်ကြောင်းထောက်ခံစာ

ထိုင်းနိုင်ငံတွင် ယာဥ်မောင်းလိုင်စင်ပြုလုပ်ရန်နှင့် လိုင်စင်သက်တမ်းတိုးရန်အတွက် နေရပ်လိပ်စာမှန်ကန်ကြောင်းထောက်ခံစာကို ထုတ်ပေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံကူးလက်မှတ်(သာမန် သို့မဟုတ် ယာယီနိုင်ငံကူးလက်မှတ်)၏ စာမျက်နှာ(၂) ဖြစ်သည့် နိုင်ငံကူးလက်မှတ်အမှတ်၊ ဓါတ်ပုံနှင့် အခြားအချက်အလက်များပါဝင်သည့် စာမျက်နှာမိတ္တူတစ်စောင်ပေါ်တွင် ထိုင်းနိုင်ငံတွင် နေထိုင်သည့် နေရပ်လိပ်စာအား အင်္ဂလိပ်လိုရေး၍ လာရောက်လျှောက်ထားနိုင်ပါသည်။ အိမ်အမှတ်၊ လမ်းအမှတ်၊ ရပ်ကွက်၊ မြို့နယ်စသည်များကို ပြည့်စုံစွာရေးရန်လိုအပ်ပါသည်။

### (၂)နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ထောက်ခံစာ

မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ထိုင်းနိုင်ငံရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းများမှ ထုတ်ပေးသည့် ယာယီနိုင်ငံကူးလက်မှတ်များ ပျောက်ဆုံးသည့်အခါတွင် မှန်ကန်ကြောင်းထုတ်ပေးသည့် ထောက်ခံစာ ဖြစ်ပါသည်။ ဦးစွာ သက်ဆိုင်ရာ ရဲစခန်းတွင် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းတိုင်ကြားရပါမည်။ ထို့နောက် ရဲစခန်းမှ ထိုင်းဘာသာဖြင့် ထုတ်ပေးသည့် တိုင်ကြားစာအား အင်္ဂလိပ်ဘာသာပြန်ဆို၍ နိုင်ငံကူးလက်မှတ်မိတ္တူ သို့မဟုတ် နိုင်ငံကူးလက်မှတ်အမှတ်နှင့် ထုတ်ပေးရက်စွဲတို့ပါဝင်သည့် အလုပ်သမားကဒ်မိတ္တူ ပတ်စ်ပို့ဓါတ်ပုံ (၂)ပုံနှင့်တစ်ကွ လာရောက်လျှောက်ထားနိုင်ပါသည်။

## (၃)ဘဏ်စာရင်းဖွင့်ရန်အတွက် ထောက်ခံစာ(ပတ်စ်ပို့မှန်ကန်ကြောင်း)

မြန်မာနိုင်ငံသားများ ထိုင်းနိုင်ငံရှိ ဘဏ်များတွင် ဘဏ်စာရင်းဖွင့်လှစ်နိုင်ရန် အတွက် ထုတ်ပေးသည့်ထောက်ခံစာဖြစ်ပါသည်။ ဓါတ်ပုံတစ်ပုံနှင့်အတူ မြန်မာနိုင်ငံကူး လက်မှတ်(သာမန် သို့မဟုတ် ယာယီနိုင်ငံကူးလက်မှတ်)၏ စာမျက်နှာ(၂) ဖြစ်သည့် နိုင်ငံကူးလက်မှတ်အမှတ်၊ ဓါတ်ပုံနှင့် အခြားအချက်အလက်များပါဝင်သည့် စာမျက်နှာ မိတ္တူတစ်စောင်ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

## (၄)ကလေးမွေးစာရင်း သို့မဟုတ် သားသမီးဖြစ်ကြောင်းထောက်ခံစာ

မြန်မာနိုင်ငံသား မိဘနှစ်ပါး၏ နိုင်ငံကူးလက်မှတ်မိတ္တူ၊ မြန်မာနိုင်ငံတွင် မွေးဖွားခဲ့လျှင် မြန်မာနိုင်ငံမှ မွေးစာရင်း(မူရင်း/မိတ္တူ)၊ ထိုင်းနိုင်ငံတွင် မွေးဖွားလျှင် မွေးစာရင်းအား ထိုင်းဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ လာရောက်လျှောက်ထား နိုင်ပါသည်။ မွေးစာရင်းမှ မိဘအမည်နှင့် နိုင်ငံကူးလက်မှတ်များမှ မိဘအမည် တူညီ ရန်လိုအပ်ပါသည်။

## (၅)မှီခိုသူဖြစ်ကြောင်းထောက်ခံစာ

ထိုင်းနိုင်ငံတွင် အခွန်ပေးဆောင်ကာ အလုပ်လုပ်ကိုင် နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသား၏ မိသားစုဝင် မှီခိုသူဖြစ်သည်မှာ မှန်ကန်ကြောင်း ထုတ်ပေးသည့် ထောက်ခံစာဖြစ်ပါသည်။ အခွန်ပေးဆောင်သူနှင့် မည်သို့တော်စပ်သည်ကို အခွန်ပေးဆောင် သူ၏ နိုင်ငံကူးလက်မှတ်မိတ္တူ၊ အခွန်ပြေစာမိတ္တူ၊ သန်းခေါင်စာရင်း သို့မဟုတ် လက်ထပ် စာချုပ် မိတ္တူ တို့နှင့်အတူ လျှောက်ထားနိုင်ပါသည်။

## (၆)ကျောင်းသားဖြစ်ကြောင်းထောက်ခံစာ

မြန်မာနိုင်ငံသားများ (သာမန် သို့မဟုတ် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင် သူများ) ထိုင်းနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် တက်ရောက်လျက်ရှိသည်မှာ မှန်ကန်ကြောင်း ထုတ်ပေးသည့် ထောက်ခံစာဖြစ်ပါသည်။ ပတ်စ်ပို့မိတ္တူနှင့် သက်ဆိုင်ရာကျောင်း၏ လတ်တလောကာလတွင် ထုတ်ပေးသည့် ထောက်ခံချက် မူရင်း မဖြစ်မနေ လိုအပ်ပါသည်။

## (၇)ဗီဇာသက်တမ်းတိုးရန် ထောက်ခံစာ

ထိုင်းနိုင်ငံရှိ ဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိပြီး ဗီဇာသက်တမ်းရက်ပြည့်သော်လည်း ဆက်လက်ကုသရန်လိုသည့်အခါတွင် သက်ဆိုင်ရာဌာနသို့ လိပ်မူ၍ထုတ်ပေးသည့် ထောက်ခံစာဖြစ်ပါသည်။ သက်ဆိုင်ရာဆေးရုံမှ မြန်မာသံရုံးသို့ လိပ်မူထားသည့် ထောက်ခံစာ(မည်သည့် ရောဂါဝေဒနာခံစားနေရသည့် လူနာနှင့် မိသားစုဝင်လူနာစောင့်( )ဦးသည် ( ) ရက်နေ့တွင် ဗီဇာသက်တမ်းပြည့်မည်ဖြစ်ပြီး ဆက်လက်ဆေးကုသရန် ရက်ပေါင်း( )လိုအပ်ပါသဖြင့် ဗီဇာသက်တမ်းတိုးနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးပါရန်)လိုအပ်ပါသည်။ ဆေးရုံ၏ မှတ်ပုံတင်စာရင်းမိတ္တူ၊ လူနာနှင့် လူနာရှင်တို့၏ နိုင်ငံကူး လက်မှတ်မိတ္တူတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

ထိုင်းနိုင်ငံရှိတက္ကသိုလ်များတွင် လာရောက် သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် ခရီးသွားလာခွင့်ပြုမိန့်၊ ကျောင်းထောက်ခံစာ (သက်ဆိုင်ရာဘာသာရပ်အား မည်သည့်ကာလအထိတက်ရောက်ရန် လိုအပ်ပါသဖြင့်) စသည်တို့ လိုအပ်ပါသည်။

## (၈)သံဃာတော်များ၏ ဗီဇာရရှိရေးအတွက် ထောက်ခံချက်(Sponsor Letter)

မြန်မာနိုင်ငံမှ ဆရာတော်များ ထိုင်းနိုင်ငံသို့ လာရောက်ရာတွင် မြန်မာနိုင်ငံရှိ ထိုင်းသံရုံးတွင် ဗီဇာလျှောက်ထားနိုင်ရန်အတွက် ထောက်ခံချက်ဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ ထိုင်းနိုင်ငံသားသံဃာသို့မဟုတ် မြန်မာသံဃာ သို့မဟုတ် လူပုဂ္ဂိုလ် တစ်ဦးဦးမှ မြန်မာသံရုံးသို့လိပ်မူသည့်(အဆိုပါ ဆရာတော်သည် မည်သည့်ကိစ္စဖြင့် ထိုင်းနိုင်ငံသို့ လာရောက်ရန်အတွက် မိမိမှ အစစ အရာရာ တာဝန်ယူပါသည်ဟူသည့်)စာနှင့်အတူ၊ လာရောက်မည့်သံဃာတော်၏ နိုင်ငံကူးလက်မှတ်မိတ္တူ၊ သာသနာဝင်စိစစ်ရေးကဒ်ပြားမိတ္တူ၊ ဆရာတော်သီတင်းသုံးနေထိုင်လျက်ရှိသည့် သက်ဆိုင်ရာ မြို့နယ်သံဃာ့နာယကအဖွဲ့၏ ထောက်ခံစာတို့နှင့် အတူလာရောက်လျှောက်ထားပါက လျှောက်ထားသည့်စာတွင် ကောင်စစ်အရာရှိ၏ ထောက်ခံချက် လက်မှတ်ရေးထိုးပေးပါသည်။ သံဃာတော်များအတွက် အခမဲ့ ချက်ချင်း ဆောင်ရွက် ပေးပါသည်။

## (၉)ထောင်ဝင်စာအတွက် ထောက်ခံစာ

ထိုင်းနိုင်ငံရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသည့် မြန်မာနိုင်ငံသားများအား ၄င်းတို့၏ မိသားစုဝင်များမှ သွားရောက်တွေ့ဆုံလိုသည့်အခါ သက်ဆိုင်ရာဌာနသို့

လိပ်မူ၍ ထောက်ခံပေးသည့်စာဖြစ်ပါသည်။ အကျဉ်းထောင်တွင် ကျခံနေသည့် မြန်မာနိုင်ငံသား၏အမည်၊ ထောင်အတွင်းခေါ်ဆိုသည့်အမည်၊ ထောင်လိပ်စာများ မဖြစ်မနေလိုအပ်ပြီး နိုင်ငံကူးလက်မှတ်မိတ္တူ/မှတ်ပုံတင်မိတ္တူ/သန်းခေါင်စာရင်းမိတ္တူ အကျဉ်းသားအမှတ် (မသိလျှင်ရပါသည်)၊ သွားတွေ့မည့်သူ၏ နိုင်ငံကူးလက်မှတ်မိတ္တူတို့နှင့်အတူလာရောက်လျှောက်ထားပါက အချိန်နှင့်တပြေးညီ အခမဲ့ ဆောင်ရွက်ပေးပါသည်။

### (၁၀)အလောင်းထုတ်ရန်အတွက် ထောက်ခံစာ

အကြောင်းအမျိုးမျိုးဖြင့် သေဆုံးသူများအား အချိန်မီ သင်္ဂြိုဟ်နိုင်ရေးအတွက် ထုတ်ပေးသည့်ထောက်ခံစာဖြစ်ပါသည်။ သေမှုသေခင်းဖြင့် ရင်ခွဲရုံတွင် စစ်ဆေးခံခဲ့ရသူဖြစ်လျှင် သက်ဆိုင်ရာ ဆရာဝန်နှင့် ရဲအရေးဆိုင်ရာများမှ ထုတ်ပေးသည့်စာ၊ သေဆုံးသူ၏ နိုင်ငံကူးလက်မှတ်/မှတ်ပုံတင်မိတ္တူ သင်္ဂြိုဟ်မည့် မိသားစုဝင်၏ နိုင်ငံကူးလက်မှတ်မိတ္တူတို့လိုအပ်ပြီး အခမဲ့ ချက်ချင်း ဆောင်ရွက်ပေးပါသည်။

### (၁၁)လျော်ကြေးထောက်ခံစာ

အကြောင်းအမျိုးမျိုးဖြင့် သေဆုံးခဲ့သူများ၏ အာမခံလျော်ကြေး ထုတ်ယူနိုင်ရေးအတွက် ထောက်ခံစာဖြစ်ပါသည်။ သေဆုံးသူသည် အိမ်ထောင်ရှိသူဖြစ်လျှင် ဇနီး/ခင်ပွန်းမှ လာရောက်လျှောက်ထား၍ အိမ်ထောင်မရှိသူဖြစ်လျှင် မိဘမှ လာရောက်လျှောက်ထားနိုင်ပါမည်။ အိမ်ထောင်ရှိသူများသည် လက်ထပ်စာချုပ်မရှိလျှင် မြန်မာနိုင်ငံမှအိမ်ထောင်စုစာရင်းပြသနိုင်ရပါမည်။ နှစ်ခုစလုံးမပြသနိုင်ပါက မြန်မာနိုင်ငံတွင် နေထိုင်စဉ်က ၄င်းတို့နှစ်ဦးသည် ဤမြို့နယ်၊ ရပ်ကွက်၊ နေအိမ်အမှတ်တွင် နေထိုင်ခဲ့ပြီး ဇနီးမောင်နှံဖြစ်သည်ကို သိရှိထောက်ခံပါသည် ဆိုသည့် ရပ်ကွက်/မြို့ရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ(ရုံးတံဆိပ်)လိုအပ်ပါသည်။

သေဆုံးသူသည် အိမ်ထောင်မရှိသူဖြစ်ပြီး ၄င်းတို့၏ မိဘများမှ ထိုင်းနိုင်ငံသို့ မလာရောက်နိုင်လျှင် သန်းခေါင်စာရင်းဝင် မိသားစုတစ်ဦးဦးမှ လာရောက်လျှောက်ထားနိုင်ပါသည်။ (၁)မိဘများမှ အသက်အရွယ်ကြီးရင့်ကာ ကျန်းမာရေးမကောင်း၍ ထိုင်းနိုင်ငံသို့ မလာရောက်နိုင်ပါသဖြင့် ထိုင်းနိုင်ငံတွင် ( )ရက်နေ့၌ ( )ဖြင့် သေဆုံးခဲ့သည့် သား/သမီး၏ လျော်ကြေးအား အိမ်ထောင်စုစာရင်းဝင် သား/သမီးဖြစ်သည့် ဦး/ဒေါ်( )အား လျော်ကြေး ထုတ်ယူနိုင်ရေးအတွက် အစစအရာရာ ကိုယ်စားလှယ်လွှဲအပ်ပါကြောင်း မိဘများမှ လက်မှတ်ရေးထိုးထားသည့်စာ(လျှောက်လွှာစက္ကူဖြင့်) (၂) မိဘများမှ ကိုယ်စားလှယ်လွှဲအပ်သည့် အဆိုပါစာသည် မှန်ကန်ပါကြောင်းနှင့် အဆိုပါမိသားစုဝင်တို့သည် ကျေးရွာ/ရပ်ကွက်၊ မြို့နယ်တွင် အမှန်တကယ်နေထိုင်လျက်ရှိပါကြောင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံစာတို့ လိုအပ်ပါသည်။